Burmese | မြန်မာ



# Community Connectors

## ယဉ်ကျေးမှုစုံမှ မသန်မစွမ်းဖြစ်မှု ရှိသူများအတွက် ပံ့ပိုးမှု

အကူအညီ အမှန်အကန် ရရှိခြင်းသည် လူများ၏ ဘဝများကို ပြောင်းလဲစေနိုင်သည်။

## ယဉ်ကျေးမှုစုံမှ မသန်မစွမ်းဖြစ်မှုရှိသူများအား NDIS နှင့် ဆက်သွယ်ပေးခြင်း

သင့်တွင် မသန်မစွမ်းဖြစ်မှု ရှိသလား သို့မဟုတ် National Disability Insurance Scheme (NDIS) က ပေးအပ်သည့် အကူအညီမှ အကျိုးခံစားနိုင်သည့် တစ်စုံတစ်ယောက်ကို စောင့်ရှောက်ပေးနေသလား။

Community Connectors အစီအစဉ်သည် သင့်အား NDIS နှင့်ဆက်သွယ်ပေးရန် သင့် လူမှုအသိုင်းအဝိုင်းအတွင်း ယဉ်ကျေးမှုနှင့်လိုက်ဖက်မည့် ပံ့ပိုးမှုကို သင့်အား ဆောင်ရွက်ပေးရန် ရှိနေပါသည်။

### NDIS ဆိုသည်မှာ အဘယ်နည်း။

NDIS သည် အခမဲ့လုပ်ပေးသည့် အစိုးရ အစီအစဉ် တစ်ခုဖြစ်ပြီး ၎င်းသည် မသန်မစွမ်းဖြစ်မှု ရှိသူများအား ဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုကို ဆောင်ရွက်ပေးသည်။

### NDIS သည် ကျွန်ုပ်အား မည်ကဲ့သို့ ကူညီပေးနိုင်သနည်း။

ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများတွင် ပါဝင်နိုင်သည်မှာ-

- သင်၏ နေ့စဉ် ကိုယ်ရေးကိုယ်တာ လှုပ်ရှားမှုများဖြင့် အကူအညီ
- အလုပ်အကိုင်ကို သင် ရရှိစေရန် သို့မဟုတ် အလုပ်အကိုင်ကို သင် ဆက်လက်မြဲနေစေရန် အလုပ်ခွင် အကူအညီ
- သင့်အိမ်ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားစေရန် အိမ်ထောင်စု အလုပ်တာဝန်များအတွက် အကူအညီ
- လှုပ်ရှားသွားလာ အကူပစ္စည်း နှင့်/သို့မဟုတ် ကိရိယာ ဝယ်ယူခြင်း

### Community Connector ဆိုသည်မှာ အဘယ်နည်း။

Community Connectors (ကွန်မြူနီတီ ကွန်နက်တာ) သည် ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ ကွဲပြားခြားနား ကျယ်ပြန့်ပြီး အင်္ဂလိပ်စကား-မပြောသော နောက်ခံများမှ လူများအား NDIS ရရှိရေးကို ပံ့ပိုးပေးသည်။

သူတို့သည် သင်နှင့် NDIS အကြား ကူညီဆက်ဆံပေးသူအဖြစ် လုပ်ဆောင်ပေးခြင်းဖြင့် ကူညီကြပါသည်။

သင်၏ Community Connector သည် သင့်အား ပံ့ပိုးပေးနိုင်သည်မှာ-

- NDIS ကိုလျှောက်ထားပေးရန်
- သင့်ဒေသခံ NDIS အဆက်အသွယ်များနှင့် သင့်အား ဆက်သွယ်ပေးရန်
- NDIS ဝန်ဆောင်မှုများကို ပိုမို နားလည်ရန်နှင့် အသုံးပြုရန် သင့်အတွက် ပံ့ပိုးမှုကို ဆောင်ရွက်ပေးရန်ဖြစ်သည်။

### သင်၏ ဒေသခံ Community Connectors နှင့် ဆက်သွယ်မှု ရယူခြင်း-

### စကားပြန်များ ရရှိမှု

အကယ်၍ သင် ဤစာမျက်နှာ၏ အကြောင်းအရာကို နားလည်ရန် အကူအညီ လိုအပ်လျှင် ကျေးဇူးပြု၍ ဘာသာပြန်နှင့် စကားပြန် ဌာန (TIS) ဖုန်း (**131 450**) ကို ဆက်ပြီး သူတို့အား သင်၏ ဒေသခံ အထက်ဖော်ပြပါ ဝန်ဆောင်မှုဌာနကို ဆက်သွယ်ခိုင်းပါ။

*National Community Connectors Program သည် NDIS, Federation of Ethnic Communities' Councils နှင့် National Ethnic Disability Alliance တို့အကြား လုပ်ကိုင်ပေးသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ဖြစ်သည်။ ၎င်းကို National Disability Insurance Agency က ရန်ပုံငွေ မတည်ပေးထားသည်။*

ဝက်ဘ်ဆိုက် **fecca.org.au** သို့မဟုတ် **neda.org.au** တွင်ကြည့်ပါ။

FECCA Federation of Ethnic Communities' Councils of Australia

NEDA NATIONAL ETHNIC DISABILITY ALLIANCE

I ♥ ndis